ဤ PDS ဘာသာပြန်သည် နိုဝင်ဘာလ ၂၆ ရက် ၂၀၁၅ ရက်စွဲပါ အင်္ဂလိပ်ဘာသာမူရင်းကိုအခြေခံသည်။

ADB ASIAN DEVELOPMENT BANK

## မြန်မာ - အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းကြောင်းတစ်လျှောက်ရှိ နွမ်းပါးသူများနှင့် အမျိုးသမီးများ အတွက် စီးပွားရေးအခွင့်အလမ်းများတိုးတက်မှု

| | |
|---|---|
| စီမံကိန်းအမည် | အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းကြောင်းတစ်လျှောက်ရှိ နွမ်းပါးသူများနှင့် အမျိုးသမီးများ အတွက် စီးပွားရေး အခွင့်အလမ်းများ တိုးတက်မှု စီမံကိန်း |
| စီမံကိန်းအမှတ်စဉ် | ၄၈၃၂၂-၀၀၁ |
| နိုင်ငံ | မြန်မာ |
| စီမံကိန်းအဆင့် | အတည်ပြုခြင်း |
| စီမံကိန်းအမျိုးအစား / အထောက်အပံ့နည်းလမ်း | အထောက်အပံ့ |
| ရန်ပုံငွေ အရင်းအမြစ်/ ပမာဏ | **အထောက်အပံ့ - အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းကြောင်း တစ်လျှောက်ရှိ နွမ်းပါးသူများနှင့် အမျိုးသမီးများ အတွက် စီးပွားရေး အခွင့်အလမ်းများ တိုးတက်မှု စီမံကိန်း**<br>ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဂျပန်နိုင်ငံ၏ ရန်ပုံငွေ US$ ၃,၀၀၀,၀၀၀ |
| ဗျူဟာမြောက်လုပ်ငန်းစဉ်များ | အားလုံးအတွက် အကျိုးဝင်မည့် ဘက်စုံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု |
| ပြောင်းလဲစေသော အရာများ | အသိပညာဆိုင်ရာ ဖြေရှင်းမှု နည်းလမ်းများ<br>ပူးပေါင်းဆောင်ရွက်ခြင်း |
| ကဏ္ဍ / ကဏ္ဍခွဲ | **ပြည်သူ့ရေးရာကဏ္ဍ စီမံအုပ်ချုပ်မှု-** ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး |
| ကျား/မသာတူညီမျှရှိမှုနှင့် ယင်းကို ထည့်သွင်းစဉ်းစားထားခြင်း | ကျား/မ သာတူညီမျှရှိမှု |
| ဖော်ပြချက် | ဤစီမံကိန်းသည် မိုက်ခရိုနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ (MSE) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ဖြစ်စေ လိမ့်မည်။ အရှေ့-အနောက် စီးပွားရေးစင်္ကြံ လမ်းကြောင်း တစ်လျှောက် |

| | |
|---|---|
| | (EWEC) နေထိုင်သူများနှင့် ကျွမ်းကျင်သည့်ခရီးသွားများအား လက်မှုပစ္စည်းများနှင့် ဒေသအစားအစာများ ရောင်းချသော အမျိုးသမီးများနှင့် ဆင်းရဲသားများအတွက် စီးပွားရေးအခွင့်အလမ်းနှင့် အလုပ်အကိုင် အခွင့် အလမ်းတိုးပွားလာနိုင်သည်။ စီမံကိန်းတည်နေရာမှာ မွန်ပြည်နယ်ရှိ မော်လမြိုင်၊ ကျိုက်ထို၊ ချောင်းဆုံကျွန်းနှင့် မုဒုံမြို့တို့ ဖြစ်သည်။ ဤစီမံကိန်းသည် မိုက်ခရို စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား နည်းပညာဆိုင်ရာ သင်တန်း၊ လုပ်ငန်းစီမံခန့်ခွဲမှု အရည်အသွေး၊ သင့်တင့်လျော်ညီသောနည်းပညာ၊ ငွေအရင်းအနှီးများနှင့် အိမ်ထောင်စု ဆင်းရဲမှု လျှော့ချရေးကို အထောက်အကူဖြစ်စေမည့် ယှဉ်ပြိုင်မှုရှိသော ရေရှည်ဖွံ့ဖြိုးသော စီးပွားရေးလုပ်ငန်းများအတွက် စျေးကွက်များ စသည်တို့ပါဝင်ပါသည်။ |
| စီမံကိန်း ပြုလုပ်ရသည့် အကြောင်းရင်း နှင့် နိုင်ငံ/ဒေသဆိုင်ရာ ဗျူဟာနှင့် ချိတ်ဆက်မှု | မြန်မာနိုင်ငံကို လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုနိမ့်သော နိုင်ငံ တစ်နိုင်ငံအဖြစ် သတ်မှတ်ထားပြီး နိုင်ငံပေါင်း ၁၈၇ နိုင်ငံတွင် ၁၅၀ မြောက်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် လူသားဖွံ့ဖြိုးမှု အစီရင်ခံစာက သတ်မှတ်သည်။ ခန့်မှန်းခြေ အားဖြင့် လူဦးရေ ၂၆ % မှာ ဆင်းရဲတွင်း နက်နေသည်။ ဆင်းရဲမှုမှာ ကျား/မ သာတူညီမျှမှု မရှိမှုပေါ်လည်း များစွာ သက်ရောက်ပြီး ကျေးလက် ဒေသနှင့် အချို့သော တိုင်းရင်းသား လူမျိုးစုများတွင် အများဆုံး ဖြစ်သည်။ အစိုးရဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်၏ အဓိက ရည်ရွယ်ချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် ဖန်တီးပေးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအပါအဝင် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိရန်ဖြစ်သည်။ လက်ရှိအမျိုးသား ဖွံ့ဖြိုး တိုးတက်ရေးငါးနှစ်စီမံချက်သည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်ရေးကို အဆင့်မြှင့်တင်ခြင်းဖြင့် အဓိကထွက်ကုန်နည်းပါးသော စိုက်ပျိုးရေးမှ ထွက်ကုန်မြင့်မားရေးသို့ ကူးပြောင်းရေးကို စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု အထောက်အကူဖြစ်စေရေး နည်းလမ်းတစ်ရပ်အဖြစ် အလေးထား ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်မိုက်ခရို၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းအားလုံး၏ ၉၀ % ရှိပြီး လုပ်ငန်းခွင်စုစုပေါင်း၏ ၇၀% ဟု ဖော်ပြထားရာ အကြီးမားဆုံးသော အလုပ်အကိုင် ခန့်ထားရေး အရင်းအမြစ် ဖြစ်သည်။ သို့ဖြစ်သောကြောင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုစီမံချက်တွင် ရင်းနှီးမြှုပ်နှံခြင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှု လျှော့ချ |

| | |
|---|---|
| | ရေး အတွက် အဓိကဖြစ်သည်။ |
| သက်ရောက်မှု | အစိုးရ၏အဓိကဦးစားပေးဖြစ်သော အလုပ်အကိုင်ဖန်တီးရေး နှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဝင်ငွေရရှိရန် ဤစီမံကိန်းကို ပူးပေါင်းဆောင်ရွက်သည်။ (မြန်မာနိုင်ငံအစိုးရ ၂၀၁၂ ခုနှစ် - စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင် ၂၀၁၂-၂၀၁၅ ရန်ကုန်၊ မြန်မာနိုင်ငံ အစိုးရ ၂၀၁၄ ခုနှစ် အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ၂၀၃၀ ရန်ကုန်) |
| **စီမံကိန်း အကျိုးရလဒ်** | မိုက်ခရိုနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကို စီးပွားရေး လုပ်ငန်းကြီးများအသွင် မြှင့်တင်ပြီး စီမံကိန်းနယ်မြေဒေသ အတွင်း အလုပ်အကိုင်ခန့်ထားပေးနိုင်မည်။ |
| အကျိုးရလဒ်ဖော်ပြချက် | ၁။ မိုက်ခရိုနှင့် အသေးစားစီးပွားရေးလုပ်ငန်းများနှင့် ယင်းတို့၏ လုပ်သားများ၏အရည်အသွေးနှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာရေး၊<br>၂။ စီးပွားရေးလုပ်ငန်းကြီးများသို့ ကူးပြောင်းနိုင်သည့် အခွင့် အလမ်း၊ ချေးငွေနှင့် ကုန်သွယ်ရောင်းဝယ်ရေးကွန်ရက် အားကောင်း လာရေး၊<br>၃။ ဈေးကွက်သို့ ရောက်ရှိနိုင်ရေး အထောက်အပံ့ပေးမည့် အခြေခံ အဆောက်အအုံနှင့် လုပ်ငန်းဆောင်ရွက်မှုအတွက် လိုအပ် သည့် အထောက်အပံ့ပစ္စည်းများ တိုးမြင့်လာရေး<br>၄။ စီမံဆောင်ရွက်မှု အရည်အသွေးနှင့်လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်မှုနှင့် အဓိကအစုရှယ်ယာများ တိုးလာရေး၊ |
| ပထဝီဒေသဆိုင်ရာတည်နေရာ | |

| | |
|---|---|
| **ဘေးဆီးရန်ကာ အကာအကွယ် အဆင့်အတန်းများ** | |
| သဘာဝပတ်ဝန်းကျင်ဆိုင်ရာ | C |
| မိမိဆန္ဒအလျောက်မဟုတ်ဘဲရွှေ့ပြောင်း နေရာ ချထား ခံရခြင်း | C |
| ဌာနေတိုင်းရင်းသားများ | B |
| **သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာရှုထောင့်များအကျဉ်းချုပ်** | |
| သဘာဝပတ်ဝန်းကျင် ရှုထောင့်များ | |
| မိမိဆန္ဒအလျောက်မဟုတ်ဘဲရွှေ့ပြောင်း နေရာ ချထား ခံရခြင်း | |
| ဌာနေတိုင်းရင်းသားများ | |
| **စီမံကိန်းနှင့် ဆက်စပ်သူများနှင့် ဆက်သွယ်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း၊ တိုင်ပင်ခြင်း** | |
| စီမံကိန်းပုံစံ ရေးဆွဲစဉ်ကာလအတွင်း | |

| | |
|---|---|
| စီမံကိန်းအကောင်အထည်ဖော်ဆောင်သည့် ကာလအတွင်း | |
| **စီးပွားရေး အခွင့်အလမ်းများ** | |
| အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများ | အတိုင်ပင်ခံ ၁၁ ဦးကို ၂၁၇ လ ငှားရမ်း လုပ်ကိုင်ဆောင်ရွက်မည်။ |
| ဝယ်ယူရေးလုပ်ငန်းများ | နိုင်ငံတွင်း ဈေးနှုန်း ယှဉ်ပြိုင်တင်သွင်းရသော တင်ဒါဖြင့် (စာချုပ် နှစ်စောင်) (ဈေးနှင့် ထုတ်ကုန်အချော ထုတ်လုပ်နိုင်မည့် အလုပ်ရုံ တည်ဆောက်မှု လုပ်ငန်းများအတွက်) $ ၀.၆၅ သန်း |
| တာဝန်ခံ ADB အရာရှိ | Uzma S.Hoque |
| တာဝန်ခံ ADB ဌာန | အရှေ့တောင်အာရှ ဌာန |
| တာဝန်ခံ ADB ဌာနခွဲ | အရှေ့တောင်အာရှ ဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး |
| အကောင်အထည်ဖော်ရေး အေဂျင်စီ | ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာန၊<br>ဦးသန်းဝင်း၊ ခရီးသွားနှင့် နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး<br>mhts.dgmpln@gmail.com<br>အမှတ် ၃၃၊ နေပြည်တော်၊ မြန်မာ |

| | |
|---|---|
| **အချိန်ဇယား** | |
| ယူဆတင်ပြမှုအား ခွင့်ပြုခြင်း | - ၀၇ နိုဝင်ဘာလ ၂၀၁၄ ခုနှစ် |
| အချက်အလက်ရှာဖွေခြင်း | - ၃၁ ရက် မတ်လ ၂၀၁၅ ခုနှစ်မှ ၈ ရက် ဧပြီလ ၂၀၁၅ ခုနှစ် |
| MRM | - |
| အတည်ပြုခြင်း | ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၄ ရက် |
| နောက်ဆုံး ပြန်လည်သုံးသပ်မှု | - |
| PDS ကို နောက်ဆုံးပြင်ဆင်မှု | - ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၄ ရက် |

စီမံကိန်းအချက်အလက် စာလွှာ (PDS) တွင် စီမံကိန်းသို့မဟုတ် အစီအစဉ်တို့၏ သတင်းအချက်အလက် အကျဉ်းချုပ် ပါဝင်သည်။ PDS ကိုယ်တိုင်သည် လုပ်ဆောင်ဆဲလုပ်ငန်းစဉ်တစ်ခု ဖြစ်သောကြောင့် ကနဦးပိုင်းစာလွှာတွင် အချို့သော အချက်အလက်များ ပါဝင်မည်မဟုတ်ဘဲ ယင်းအချက်အလက်များရရှိလာသည့်အခါ စာလွှာတွင် ထပ်မံဖြည့်စွက်သွားမည် ဖြစ်ပါသည်။ အဆိုပြုထားသော စီမံကိန်းများအတွက် ဖော်ပြသော သတင်းအချက်အလက်များသည် ပြောင်းလဲနိုင်ပြီး အညွှန်း သဘောဖြစ်ပါသည်။

ADB သည် ဤစီမံကိန်းအချက်အလက်စာလွှာ (PDS) တွင် ပါဝင်သော အချက်အလက်ကို မည်သည့် အာမခံချက်မျှ မပါဘဲ အရင်းအမြစ်အဖြစ်သာ အသုံးပြုသူများကိုပေးသည်။ ADB သည် အရည်အသွေးမြင့်မားသော အချက်အလက် အကြောင်းအရာကိုပေးရန် ကြိုးပမ်းလျက်ရှိရာတွင် ကုန်သွယ်မှု၏ ကန့်သတ်ခြင်းအာမခံချက်များ၊ သီးခြားရည်ရွယ်ချက် တစ်ခုအတွက် သင့်တော်စေခြင်းနှင့် ချိုးဖောက်မှုမရှိခြင်းအပါအဝင် ဖော်ပြသည်ဖြစ်စေ ရည်ညွှန်းသည်ဖြစ်စေ မည်သည့် အာမခံချက် အမျိုးအစားမျှ မပါဝင်ဘဲ “အရှိအတိုင်း” ဖော်ပြထားသည်။ ပေးထားသော အချက်အလက်များ၏ တိကျမှု သို့မဟုတ် ပြည့်စုံမှုကို ADB သည် မည်သည့် အာမခံခြင်း သို့မဟုတ် ကိုယ်စားပြုခြင်းမှ ပြုလုပ်ခြင်းမရှိပါ။